

ဘာတဲလ် လစ်တနာ(၁၉၅၃- )

ဘာတဲလ် လစ်တနာသည် ဆွီဒင်လူမျိုး၊ ဂျာနယ်လစ်တစ်ဦး ဖြစ်ပြီး စာရေးဆရာ၊ မဟာဗျူဟာရေးရာ အတိုင်ပင်ခံနှင့် မြန်မာ့အရေး ကျွမ်းကျင်သူတစ်ဦး ဖြစ်သည့်အပြင် အာရှတိုက်နှင့် ပတ်သက်သည့် အကြောင်းအရာများကိုလည်း နှစ်ပေါင်း ၄၀ နီးပါးခန့် ရေးသားလာခဲ့သူဖြစ်ကာ ယနေ့ထက်တိုင်ထိလည်း ဆောင်းပါးများ ရေးသားနေဆဲ ဖြစ်ပါသည်။ သူသည် ယခင်က အရှေ့ဖျားစီးပွားရေးဂျာနယ်(Far Eastern Economic Journal ယခု မရှိတော့ပါ။)၏ မြန်မာနိုင်ငံဆိုင်ရာ သတင်းထောက်တစ်ဦးအဖြစ် လုပ်ကိုင်ခဲ့ပြီး ယခုလက်ရှိအချိန်တွင် ဆွီဒင်သတင်းစာ *Svenska Dagbladet* နှင့် ဒိန်းမတ်နိုင်ငံမှ *Politiken* သတင်းစာတို့တွင် ပင်တိုင်ဆောင်းပါးရှင်တစ်ဦးအဖြစ် ဆောင်းပါးများ ရေးသားနေဆဲ ဖြစ်ပါသည်။

ဘာတဲလ် လစ်တနာသည် မြန်မာနိုင်ငံ၊ အိန္ဒိယနိုင်ငံ(အထူးသဖြင့် အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း)၊ တရုတ်နှင့် မြောက်ကိုရီးယားနိုင်ငံတို့နှင့် ပတ်သက်၍ အထူးပြုရေးသားခဲ့ပြီး ပြည်တွင်း၊ ပြည်ပနှင့် နိုင်ငံတကာ ပုံနှိပ်ထုတ်ဝေမှုများကိုလည်း နိုင်ငံပေါင်း ၃၀ ကျော်တွင် ပုံနှိပ်ထုတ်ဝေဖြန့်ချိခဲ့ပြီး ဖြစ်ပါသည်။ ထို့ပြင် မြန်မာနိုင်ငံနှင့် မြောက်ကိုရီးယားနိုင်ငံတို့၏ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုတိုးပွားလာခြင်းကို ပထမဦးဆုံး ထုတ်ဖော်ရေးသားခဲ့သည့် သတင်းသမားတစ်ဦးအဖြစ်လည်း အသိအမှတ်ပြုခဲ့ကြပါသည်။ ဘာတဲလ်သည် ဂိုဏ်းဂဏဖွဲ့၍ ကျူးလွန်သည့် ရာဇဝတ်မှုများ၊ တိုင်းရင်းသားရေး၊ နိုင်ငံရေးနှင့်သက်ဆိုင်သည့် လက်နက်ကိုင် ပုန်ကန်မှုများ၊ ဒေသတွင်းလုံခြုံရေးတို့နှင့် ပတ်သက်၍ အဓိကထား ရေးသားခဲ့ပြီး *Aung San Suu Kyi and Burma's Struggle for Democracy* ၊ *Blood Brothers: The Criminal Underworld of Asia* ၊ *World Wide Web: Chinese Migration in the 21st Century—and How It will Change the World* နှင့် *Great Leader, Dear Leader: Demystifying North Korea Under The Kim Clan* စသည့်စာအုပ်များကိုလည်း ရေးသားခဲ့ပါသည်။

ထို့ပြင် ဘာတဲလ် လစ်တနာသည် ၁၉၈၅ ခုနှစ်ကတည်းက မြန်မာနိုင်ငံအတွင်းသို့ တရားဝင်ဝင်ရောက်ခွင့် မရရှိခဲ့ဘဲ 'နာမည်ပျက်စာရင်း' အသွင်းခံထားရသည့် သတင်းသမားတစ်ဦးလည်း ဖြစ်ခဲ့ပါသည်။ ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(နအဖ စစ်အစိုးရ)ကပင် 'ဘာတဲလ် လစ်တနာ၏ ရေးသားချက်များမှာ အခြေအမြစ်မရှိဘဲ စိတ်ထင်ရာ ရမ်းဆမှန်းသမ်းရေးသားနေခြင်း'ဟု ထုတ်ဖော်ပြောဆိုခဲ့ပါသည်။ သို့သော်လည်း အဆိုပါ 'အမည်ပျက် စာရင်းဝင်' သတင်းသမားတစ်ဦးအနေဖြင့် ခိုင်လုံသော သတင်းရင်းမြစ်ကြီးတစ်ခုသဖွယ် လူအများ၏ တလေးတစား မှီခိုအားထားမှုခံခဲ့ရပြီး ၁၉၉၅ ခုနှစ်၌ ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်မှ ပြန်လည်လွတ်မြောက်လာသည့်အဖြစ်ကို ပထမဦးဆုံး ဂယနဏ သိရှိနားလည်သဘောပေါက်ခဲ့သည့် နိုင်ငံခြားသားသတင်းသမားတစ်ဦးလည်း ဖြစ်ခဲ့ပါသည်။ ထိုအချိန်ကတည်းက ဘာတဲလ် လစ်တနာသည် လာအိုနှင့် မြောက်ကိုရီးယားနိုင်ငံများအကြောင်းကိုသာ အာရုံပြောင်းရေးသားနေခဲ့သော်လည်း မြန်မာနိုင်ငံအပေါ်တွင်သာ တစ်ဝဲလည်လည် စိတ်ဝင်စားမိနေသဖြင့် 'ဧရာဝတီ မဂ္ဂဇင်း'၌ မြန်မာနိုင်ငံနှင့် ပတ်သက်၍ ဆောင်းပါးများ ဆက်လက်ရေးသားဖြစ်နေခဲ့ပါသည်။ သူသည် Yale Global အွန်လိုင်းသတင်းစာမျက်နှာ၊ Wall Street ဂျာနယ်နှင့် အေးရှားတိုင်းမ်  အွန်လိုင်းသတင်းစာမျက်နှာတို့၏ ပင်တိုင်ဆောင်းပါးရှင်တစ်ဦးလည်း ဖြစ်ပါသည်။

ယခုအချိန်တွင် ဘာတဲလ် လစ်တနာမှာ ဇနီးဖြစ်သူ ရှမ်း အမျိုးသမီး ဆိုင်းနောင်နှင့်အတူ ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့၌ နေထိုင်လျက်ရှိပါသည်။ ၎င်းတို့ဇနီးမောင်နှံတွင် သမီးလေးတစ်ဦးလည်းရှိရာ ထိုသမီးလေးမှာ ၁၉၈၅ မှ ၁၉၈၇ ခုနှစ်အတွင်း"အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းမှတဆင့် မြန်မာနိုင်ငံမြောက်ပိုင်းရှိ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ ထိန်းချုပ်ထားရာ နယ်မြေကို ဖြတ်သန်း၍ တရုတ်နိုင်ငံသို့ ၁၈ လကြာ၊ ကီလိုမီတာ ၂၂၇၅ (မိုင်ပေါင်း ၁၄၀၀ ကျော်)ကျော် ခရီးပြင်းနှင်ခဲ့ရချိန်"အတွင်း အိန္ဒိယနိုင်ငံ၊ ကိုဟီးမားမြို့၌ မွေးဖွားခဲ့ခြင်း ဖြစ်ပါသည်။ ထိုအကြောင်းကိုလည်း သူ၏ ပထမဦးဆုံးစာအုပ်ဖြစ်သည့် *Land of Jade: A Journey from India through Northern Burma to China* ထဲတွင် ထည့်သွင်းရေးသားခဲ့ပါသည်။

ထို့နောက် ၂၀၀၄ ခုနှစ်၌ မြောက်ကိုရီးယားနိုင်ငံနှင့်ပတ်သက်၍ အကောင်းဆုံး သတင်းရေးသားပေးပို့နိုင်ခဲ့ခြင်းကြောင့် အာရှတိုက်ရှိ ပုံနှိပ်ထုတ်ဝေသူများ အစည်းအရုံး(SPA)မှ ပေးအပ်ချီးမြှင့်သည့်ဆုကိုလည်း လက်ခံရရှိခဲ့ပါသည်။ သူသည် ၁၉၉၃ ခုနှစ်မှ ၁၉၉၅ ခုနှစ်အထိ ထိုင်းနိုင်ငံရှိ နိုင်ငံခြားသတင်းထောက်များ ကလပ်(FCCT)၏ ဥက္ကဋ္ဌအဖြစ်လည်း တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။

## ဘာတဲလ် လစ်တနာ၏ ပုံနှိပ်ထုတ်ဝေပြီး စာအုပ်များ


1. *The Rise and Fall of the Communist Party of Burma*, Southeast Asia Program Publications, Ithaka, 1990.

2. *Outrage: Burma's Struggle for Democracy*, Weatherhill, 1995 (2nd edition).

3. *The Kachin: Lords of Burma's Northern Frontier*, Teak House Books, Chiang Mai, 1997.

4. *Burma in Revolt: Opium and Insurgency since 1948*, Silkworm Books, Chiang Mai, 1999.

5. *Burma In Revolt: How Burma Became The World's Biggest Heroin Producer*, Westview Press, Boulder, 2000.


## မာတိကာ


၁။ 'ဗမာ'နဲ့ 'မြန်မာ'ဆိုတာ လုံးဝ အတူတူပါပဲ ၁၃
၂။ ရခိုင်ပြည်နယ်မှ စစ်သွေးကြွမှု ၂၀
၃။ ရိုဟင်ဂျာ လက်နက်ကိုင်ပုန်ကန်မှုနောက်ကွယ်မှ အမှန်တရား ၄၀
၄။ မြန်မာ ရိုဟင်ဂျာ ဒုက္ခသည်များအတွက်ပြန်လမ်းမရှိ ၅၀
၅။ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အညွှာကိုင်ထားသည့် ရိုဟင်ဂျာ လက်နက်ကိုင်ပုန်ကန်မှု ၅၉
၆။ ပထဝီနိုင်ငံရေး ကစားပွဲအတွင်းမှ ရိုဟင်ဂျာ ဒုက္ခသည် နယ်ရှုပ်လေးများ ၆၈
၇။ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ဘာသာရေးအစွန်းရောက်ဝါဒနှင့် အမျိုးသားရေးဝါဒ ၇၇
၈။ မြန်မာ မှတ်စလင်များ ၁၂၅
၉။ "ပေါက်ဖော်"မျှသာ မကပါ (၁) ၁၃၃
၁၀။ "ပေါက်ဖော်"မျှသာ မကပါ (၂) ၁၄၄
၁၁။ "ပေါက်ဖော်"မျှသာ မကပါ (၃) ၁၅၉
၁၂။ "ပေါက်ဖော်"မျှသာ မကပါ (၄) ၁၇၂
၁၃။ "ပေါက်ဖော်"မျှသာ မကပါ (၅) ၁၈၀
၁၄။ "ဝ"ဆိုတာ ဘယ်သူတွေလဲ ၁၉၅
၁၅။ ကိုးကန့်ဒေသ၏ နောက်ကြောင်းရာဇဝင် ၂၀၇
၁၆။ နာဂ သို့မဟုတ် အမေ့ပျောက်ခံနယ်ခြားဒေသ ၂၂၁
၁၇။ မြန်မာပြည်မှ 'တိုင်းရင်းသား လူမျိုး' ဟူသော မေးခွန်းတစ်ခု ၂၂၈
၁၈။ 'စလုံးရေ စ'ရမည့် ရေလိုက်လွဲနေသော မြန်မာ့" ငြိမ်းချမ်းရေး ဖြစ်စဉ် ၂၃၅
၁၉။ ကမ်းမမြင် လမ်းမမြင် ဖြစ်နေဆဲ မြန်မာ့ ငြိမ်းချမ်းရေး ၂၄၉
၂၀။ တပြုက်ကချော် ဖြစ်လာနေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ၂၅၆
၂၁။ ငြိမ်းငြိမ်းချမ်းချမ်း ဖြစ်မလာနိုင်သေးသည့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ၂၆၃
၂၁။ မြန်မာ-မြောက်ကိုရီးယား စစ်ဖက်ဆက်ဆံရေး ၂၇၂
၂၂။ ဘယ်သူ့ရဲ့ တပ်မတော်လဲ ၃၃၃